လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ September 2022


# လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



**၂.၉.၂၀၂၂၊ နေပြည်တော်**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂) အား စက်တင်ဘာလ(၂)ရက်နေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးနောက်ပိုင်း အမျိုးသားကော်မတီ၏ အမိန့်ကြော်ငြာ စာအမှတ်(၁/၂၀၂၁)ဖြင့် (၁၃-၅-၂၀၂၁) ရက်တွင် လုပ်ငန်းကော်မတီကို ပြန်လည်ပြင်ဆင် ဖွဲ့စည်းခဲ့ပါကြောင်း၊ လူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများသည် ဆင်းရဲမှုလျှော့ချရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ လူမှုကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု သတင်းအချက်အလက် စနစ်(SMIS) ကို တည်ဆောက်နေပြီဖြစ်ကြောင်း၊ ယင်းစနစ် ပြီးစီးပါက အကျိုးခံစားခွင့်ရှိသူများ အနေဖြင့် Digital Payment နည်းလမ်းကို အသုံးပြုနိုင်ရေး အဆင့်အလိုက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ လူမှုကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများကို အစိုးရ တစ်ရပ်အနေဖြင့် မဖြစ်မနေ ဆောင်ရွက်ပေးရမည့် လုပ်ငန်း ဖြစ်၍ ပြည်သူလူထုကို အမှန်တကယ် အကျိုးပြုတဲ့ လုပ်ငန်းများ ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်

နေရာချထားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင် ကလူမှုကာကွယ် စောင့်ရှောက်ရေး အစီအစဉ် နှင့် ပတ်သက်၍ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသောလုပ်ငန်းများကို လည်းကောင်း၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးလူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက် ဆောင်ရွက်သွားမည့်လုပ်ငန်း အစီအစဉ်များကို တင်ပြဆွေးနွေးခဲ့ကြရာ လုပ်ငန်းကော်မတီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းချုပ်ရုံး၊ ပင်စင်ဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနတို့မှ ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခဲ့ပြီး အစည်းအဝေးအား နေ့လည်ပိုင်းတွင်ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၂/၂၀၂၂) အစည်းအဝေးကျင်းပ



**စက်တင်ဘာလ (၁၂)၊ နေပြည်တော်**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၂/၂၀၂၂) အစည်းအဝေးအား (၁၂-၉-၂၀၂၂)ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ Hybrid ပုံစံဖြင့် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ နေပြည်တော် အမျိုးသမီးကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထား သည့်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ရန်၊ မြှင့်တင်ဆောင်ရွက်ရန်၊ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ကျယ်ပြန့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ကျား၊မရေးရာဆိုင်ရာ ကိစ္စရပ်များကို အစိုးရ၏မူဝါဒများတွင် ထည့်သွင်း ပေါင်းစပ်နိုင်ရေးအတွက် ဝန်ကြီးဌာနများ အချင်းချင်း ပူးပေါင်း ဆောင်ရွက်နိုင်ရန် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းယန္တရားတစ်ခုဖြစ်သည့် "မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ"နှင့် နေပြည်တော်ကော်စီ၊ တိုင်းဒေသကြီး /ပြည်နယ်(၁၅)ခု၊ ခရိုင်(၇၄)ခု၊ မြို့နယ်(၃၃၀)ခုတို့တွင် အမျိုးသမီးကော်မတီများကိုလည်းကောင်း ဖွဲ့စည်းပြီး ဖြစ်ပါကြောင်း၊ အမျိုးသမီး ကော်မတီအနေဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများအတွက် လိုအပ်သည့်မူဝါဒများ၊လုပ်ငန်းစဉ်များချမှတ်ခြင်းနှင့် ဥပဒေများပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ နိုင်ငံတကာနှင့် ဒေသတွင်း အမျိုးသမီးကဏ္ဍဆိုင်ရာ လုပ်ငန်းများကို အဓိကတာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)သည် ယခုနှစ်ကုန်တွင် သက်တမ်းကုန်ဆုံးမည် ဖြစ်သည့် အတွက် NSPAW PhaseI ကို ပြန်လည်သုံးသပ်ချက်များ ပြုလုပ်ပြီး NSPAW PhaseII ကို ရေးဆွဲရေး ဆွေးနွေး သွားမည် ဖြစ်ပါကြောင်း။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှု လူထုအသိ ပညာပေးမှုများ လာမည့် နိုဝင်ဘာ(၂၅)ရက်နေ့မှ ဒီဇင်ဘာ (၁၀)ရက်အတွင်း ကျင်းပပြုလုပ်သွားမည့် မှာဖြစ်သည့် အတွက် သတ်မှတ်ကာလအတွင်း အားလုံးဝိုင်းဝန်းပါဝင် ဆောင်ရွက်

ပေးကြဖို့ တိုက်တွန်း ပြောကြားလိုပါကြောင်း။ "ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်နေ အမျိုးသမီး များအတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည် ထူထောင်ရေး ဆိုင်ရာလုပ်ငန်းစီမံချက်" ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော် ကောင်စီနှင့် ရခိုင်ပြည်နယ် စီမံချက်ကျေးရွာများတွင်အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

Helpline ဝန်ဆောင်မှုရယူသူများဖုန်းခေါ်ဆိုရာမှာ အထူးချိတ်ဆက် ဖုန်းနံပါတ်ဂဏန်း(၄)လုံး (4-digits) ရရှိရေး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းချိတ်ဆက်ထားပြီး မကြာမီမှာ ကြေညာပေးသွားမှာ ဖြစ်ပါကြောင်း။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီ၊ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအား ဆွေးနွေးတင် ပြခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီဝင်များမှ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုများ ရှင်းလင်းတင်ပြခြင်းနှင့် နေပြည်တော် အမျိုးသမီးကော်မတီနှင့်တိုင်းဒေသကြီး/ပြည်နယ်အမျိုးသမီး ကော်မတီများ၏ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာဒေသအလိုက်အကောင်အထည်ဖော်ဆောင် ရွက်မှုများအားရှင်းလင်းတင်ပြခြင်းများဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးမှနိဂုံးချုပ်အမှာ စကား ပြောကြားခဲ့ကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ပါသည်။

## မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်ရရှိပြီးသူများအား မသန်စွမ်းထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကျင်းပ



**၁၃.၉.၂၀၂၂၊ နေပြည်တော်**

မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် နိုင်ငံတော်သည် မသန်စွမ်းသူများကို ကြည့်ရှုစောင့်ရှောက်ရမည်ဟု ဖော်ပြထားသည့်အပြင်မြန်မာနိုင်ငံသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၁၁ ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး မသန်စွမ်းသူများအတွက် ပြန်လည် ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လူ့အခွင့်အရေးစံနှုန်းများနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း (၃၃၀) ရှိသည့်အနက် နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ် နှင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တို့ကို ကနဦး စီမံကိန်းနယ်မြေ (၄) ခု အဖြစ် သတ်မှတ်၍ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။

မသန်စွမ်းသူမှတ်ပုံတင် လက်မှတ်ရရှိပြီးသူများအား မသန်စွမ်းထောက်ပံ့ကြေး ပေးအပ်ခြင်း အခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးတို့ ဦးဆောင်၍ လူကိုယ်တိုင်နှင့် Online မှ တက်ရောက်ခြင်း အစီအစဉ်ပေါင်းစပ်၍ ကျင်းပခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် မိမိတို့၏ သဘောဆန္ဒအလျောက် မသန်စွမ်းသူမှတ်ပုံတင် လက်မှတ်လျှောက်ထားရယူခဲ့ကြသည့် ပုဗ္ဗသီရိမြို့နယ်မှ မသန်စွမ်းသူ (၂၄၆)

ဦးနှင့် လှိုင်သာယာမြို့နယ်မှ မသန်စွမ်းသူ (၄၀၄)၊ စုစုပေါင်း (၆၅၀)ဦးတို့ကို မသန်စွမ်းထောက်ပံ့ကြေး တစ်ဦးလျှင် ကျပ်သုံးသောင်းနှုန်းဖြင့် စုစုပေါင်း တစ်ရာ ကိုးဆယ့်ငါးသိန်းတိတိကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်အား အာဆီယံဥက္ကဋ္ဌ အထူးကိုယ်စားလှယ်၏ ရုံးအဖွဲ့အကြီးအကဲ ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဖြစ်သူ Mr. Kung Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့မှ လာရောက် တွေ့ဆုံခြင်း



(၂၂-၉-၂၀၂၂) နေပြည်တော်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာသက်သက်ခိုင်အား အာဆီယံဥက္ကဋ္ဌအထူး ကိုယ်စားလှယ်၏ ရုံးအဖွဲ့အကြီးအကဲ ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက် ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြစ်သူ Mr. Kung Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က (၂၂-၉-၂၀၂၂) ရက် နေ့တွင် လာရောက်တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အာဆီယံ၏ တူညီဆန္ဒ (၅) ချက်အရ မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လူသားချင်းစာနာမှုအကူအညီ ပေးအပ်မည့် အစီအစဉ်ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လူသားချင်း စာနာမှု အကူအညီပေးရေး ကနဦးလိုအပ်ချက်ဆိုင်ရာ အကဲဖြတ်ဆန်းစစ်ချက် (Preliminary Needs Assessment-PNA) အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်ရန်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပါသည်။

အာဆီယံဥက္ကဋ္ဌအထူးကိုယ်စားလှယ်၏ ရုံးအဖွဲ့အကြီးအကဲ ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြစ်သူ Mr. Kung Phoak နှင့်အဖွဲ့ကလည်း ကနဦးလိုအပ်ချက်ဆိုင်ရာ အကဲဖြတ်ဆန်းစစ်ချက် ဆက်လက်ဆောင်ရွက်ရန် မြန်မာနိုင်ငံနှင့် ဝန်ကြီးဌာနဘက်မှ ပံ့ပိုးကူညီပေးစေလိုသည်များ၊အာဆီယံမှတစ်ဆင့်ပေးအပ်မည့် လူသားချင်းစာနာမှု အကူအညီပေးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့ရေး ပူးပေါင်း ဆောင်ရွက်ရန်များ၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင်အာဆီယံအနေဖြင့် ပူးပေါင်းပံ့ပိုးနိုင်သည်များ၊ ကမ္ဘောဒီးယားနိုင်ငံ၏ အတွေ့အကြုံများ နှီးနှောဖလှယ်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

တွေ့ဆုံပွဲသို့အာဆီယံဥက္ကဋ္ဌအထူးကိုယ်စားလှယ်၏ ရုံးအဖွဲ့အကြီးအကဲ ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြစ်သူ Mr. Kung Phoak နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများလည်း ပါဝင်တက်ရောက်ခဲ့ကြပါသည်။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၂၂) ကျင်းပ



**စက်တင်ဘာလ (၂၇)၊ နေပြည်တော်**

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၂၂) ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမတွင် ယနေ့မွန်းလွဲပိုင်းကကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင် တို့တက်ရောက်ခဲ့ကြ ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားရာတွင် "မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီကို ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယနေ့အစည်းအဝေး (၂/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးမှာ အဌမအကြိမ် အစည်းအဝေးဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအမျိုးသား ကော်မတီအစည်းအဝေး (၂/၂၀၂၂) ကိုလည်း မကြာမီခေါ်ယူကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း၊ မဟာဗျူဟာ (၅)နှစ် စီမံကိန်း (၂၀၂၂-၂၀၂၇)ကို အတည်ပြု ရေးဆွဲ နိုင်ခဲ့ပြီး မိတ်ဆက် ဖြန့်ချိပွဲအခမ်းအနားကို ကျင်းပပြု လုပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လုပ်ငန်း စီမံချက် (Action Plan) များ ဆက်လက်ရေးဆွဲ ဆောင်ရွက်သွားကြဖို့နှင့် မိမိတို့ဌာန အလိုက်လက်ရှိ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ရေတို၊ ရေရှည် လုပ်ငန်းများ အား ခွဲခြားပြီး စတင်ဆောင်ရွက်နိုင် သည်တို့ကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားကြဖို့ လည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာအရင်းမပျောက်မတည် ရန်ပုံငွေကျပ် (၃) ဘီလီယံနှင့် စပ်လျဉ်း၍ အလေအလွင့် မရှိစေဘဲ စနစ်တကျ တိုးပွားစေရန်အတွက်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေး[illegible] ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ဆေ[illegible] လျှက်ရှိပါကြောင်း၊ တိုးပွားလာသည့် ရန်ပုံငွေကို မသန်စွမ်းသူများ၏ လူမှုဘဝဖွံ့ဖြိုး တိုးတက်စေရေးနှင့် မသန်စွမ်းသူများအတွက် ထိရောက် အကျိုးရှိစေမည့် လုပ်ငန်းများ ဆောင်ရွက် ပေးနိုင်ရေးအတွက် ထောက်ပံ့ ကူညီပေးနိုင်မည့်ပုံစံနှင့် စည်းမျဉ်း စည်းကမ်းများကို သတ်မှတ်ပေးသွားရန် လိုအပ်မှာဖြစ်ပြီး မသန်စွမ်းသူများ၊ မသန်စွမ်း အဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ အနေဖြင့် အသက်မွေးဝမ်းကြောင်းပညာများ သင်ယူ တတ်မြောက်မှသာ အလုပ်အကိုင်အခွင့် အလမ်းများရရှိ လာမှာဖြစ်ပါသဖြင့်၊ သက်ဆိုင်ရာဝန်ကြီးဌာန အလိုက် ဖွင့်လှစ်သည့် အသက်မွေး ဝမ်းကြောင်းသင်တန်း (Vocational Training) များတွင် မသန်စွမ်းသူများ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက် ပေးကြဖို့နှင့် မသန်စွမ်းသူများ လိုအပ်သော ပံ့ပိုးမှုများပေးနိုင်ရေး အတွက် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေထည့်သွင်း လျာထားပေးကြဖို့ ပြောကြားလိုပါကြောင်း ပြောကြား ခဲ့ပါသည်။

ဆက်လက်၍ မသန်စွမ်းသူများ၏ အခွင့်အရေး များဆိုင်ရာ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဖြစ်သူ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က မသန်စွမ်းသူများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရာမှာ လုပ်ငန်းကော်မတီ ဝင်များနှင့် မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများ အနေဖြင့် မိမိတို့တတ်စွမ်းသလောက် ပူးပေါင်းပါဝင်ဆောင်ရွက် ပေးကြဖို့ ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ ယခင် အစည်းအဝေးများ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသော လုပ်ငန်းကော်မတီများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပါသည်။

## လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ (၂/၂၀၂၂) ညှိနှိုင်းအစည်းအဝေးကျင်းပ



**၂၉၊ စက်တင်ဘာလ နေပြည်တော်**

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ ညှိနှိုင်းအစည်းအဝေး(၂/၂၀၂၂) ကို (၂၉-၉-၂၀၂၂) ရက်နေ့၊ နေ့လယ် (၁၃:၀၀) နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေး၌ လက်နက်ကိုင်ပဋိပက္ခအတွင်းကလေးသူငယ်များအပေါ်ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးကအဖွင့်အမှာ စကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် ကာကွယ်တားဆီးရေးကော်မတီ ညှိနှိုင်းအစည်း အဝေး (၂/၂၀၂၂) သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ဒုတိယအကြိမ်ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၃) ကို အကောင်အထည် ဖော်ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက (၂၁-၇-၂၀၂၂) ရက်နေ့တွင် ခွင့်ပြုခဲ့ပါကြောင်း၊ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၃) ကို အကောင်အထည်ဖော်နိုင်ရေး အတွက် ကာကွယ်တားဆီးရေးကော်မတီ၏ ထုတ်ပြန်ကြေညာချက်ကို(၁၈-၈-၂၀၂၂) ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများ ဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံ နှင့် The Global News Light of Myanmar တို့တွင်ထည့်သွင်း ဖော်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့်ကာကွယ် တားဆီးရေးကော်မတီအနေဖြင့် လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၃) ကိုထိရောက်စွာ အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်မည့် ကာကွယ်တားဆီးရေးကော်မတီ ရုံးအဖွဲ့ ဖွဲ့စည်းပုံ (မူကြမ်း)နှင့်လုပ်ငန်းတာဝန်များ(မူကြမ်း)တို့ကိုအတည် ပြု ချမှတ်နိုင်ရန်၊ လုပ်ငန်းစီမံချက်တွင် ပါရှိသည့် လုပ်ငန်းစဉ်တို့အား ဆောင်ရွက်ရာတွင် လိုအပ်မည့် ပူးပေါင်း ဆောင်ရွက်မှုတို့ကို ဆွေးနွေးညှိနှိုင်းရန် ရည်ရွယ်ပြီး ယနေ့ညှိနှိုင်းအစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၃) ကို အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် အရေးပါသည့် အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားဆိုင်ရာ Helpline ဖုန်းနံပါတ်၊ 4Digit 1566 ကို ပြည်သူလူထုအနေဖြင့် သိရှိတိုင်ကြားနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အခါအားလျော်စွာ ထုတ်ပြန် ကြေညာလျက်ရှိနေပြီဖြစ်ပါကြောင်း၊ လက်ရှိ အရှိန်အဟုန် ရှိနေသည့် အပြုသဘောဆောင်သော တိုးတက်မှုတို့ကို ပံ့ပိုးဆောင်ရွက်ပေးကြသည့် ကာကွယ်တားဆီးရေးကော်မတီ

နှင့် လုပ်ငန်းကော်မတီဝင် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် အောင်မြင်မှုတို့ကိုလည်း ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက ကာကွယ်တားဆီးရေးကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂)၏ ဆုံးဖြတ်ချက်များ ဆောင်ရွက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ကာကွယ်တားဆီးရေးကော်မတီ၊ ရုံးအဖွဲ့ဖွဲ့စည်းပုံ (မူကြမ်း) နှင့် လုပ်ငန်းတာဝန်များ (မူကြမ်း) တို့ကို ရှင်းလင်း တင်ပြခဲ့ပါသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ ညှိနှိုင်းအစည်း အဝေး(၂/၂၀၂၂)သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

## နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ မသန်စွမ်းသူမှတ်ပုံတင်လက်မှတ် ရရှိပြီးသူများအား မသန်စွမ်းထောက်ပံ့ကြေး ကွင်းဆင်းပေးအပ်



**၂၃.၉.၂၀၂၂ နေပြည်တော်**

မသန်စွမ်းသူများအနေဖြင့် လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ခွင့် ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဝန်ဆောင်မှုများကို လက်လှမ်းမီရရှိရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရေးတို့အတွက်မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် သန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းသည် မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက် သွားရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ ပြန်လည်ထူထောင်ရေး ဦးစီးဌာန အနေဖြင့် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ပုဗ္ဗသီရိ မြို့နယ် အပါအဝင် ကနဦး စီမံကိန်းဧရိယာ(၄) မြို့နယ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်စေရေးအတွက်လည်း ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွား မည်ဖြစ်သည်။

မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ၊နည်းဥပဒေများနှင့်အညီ မသန်စွမ်းသူများအနေဖြင့် မသန်စွမ်းသူမှတ်ပုံတင် လက်မှတ်ကိုမိမိတို့ ဆန္ဒအလျောက် လျှောက်ထား ရယူခြင်းဖြင့် ဥပဒေ၊ နည်းဥပဒေပါ အကာအကွယ်များကို ရရှိလာနိုင်မှာဖြစ်ပြီး ပညာရေးနှင့် အသက်မွေးဝမ်းကြောင်း ပညာသင်ကြား နိုင်ရေး၊ မသန်စွမ်းမှု အဆင့်အလိုက် သင့်လျော်သော ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေး၊ အလွယ်တကူ လက်လှမ်းမီရယူအသုံးပြုနိုင်ရေး၊ အလုပ်အကိုင်အခွင့် အလမ်းများရရှိရေးနှင့် အများနည်း တူလူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး စသည့်အခြေခံ အခွင့်အရေးများကို ရရှိလာနိုင်မည်ဖြစ်သည်။



နေပြည်တော်ကောင်စီ၊ ပုဗ္ဗသီရိမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု (၂၅)ခုမှ မိမိတို့ ဆန္ဒအလျောက် မသန်စွမ်းသူမှတ်ပုံတင် လျှောက်ထား လာသူ (၄၂၀) ဦး ရှိပြီး (၂၄၆) ဦးအား မသန်စွမ်းသူ မှတ်ပုံတင်လက်မှတ်

ထုတ်ပေးပြီးဖြစ်ပါသည်။ ကျန်ရှိ နေသူများကိုလည်း မသန်စွမ်းမှုအဆင့် စိစစ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး မသန်စွမ်းသူမှတ်ပုံတင်လက်မှတ် အမြန်ဆုံးထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ပုဗ္ဗသီရိ မြို့နယ်အတွင်းမှ မသန်စွမ်းသူ မှတ်ပုံတင်လက်မှတ် ရရှိပြီးသူ (၂၄၆) ဦးတို့အား တစ်ဦး လျှင် မသန်စွမ်းထောက်ပံ့ကြေးကျပ်သုံးသောင်း နှုန်းဖြင့် ပြန်လည်ထူထောင်ရေး ဦးစီးဌာန ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းထောက်ပံ့ ပေးခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အသိပညာပေးဆောင်ရွက်မှု



- ၆-၉-၂၀၂၂ ရက်နေ့တွင် ချောင်းဆုံမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း (မုဒုံ)၌ သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။
- ၇-၉-၂၀၂၂ရက်နေ့တွင် မော်လမြိုင်ကျွန်းမြို့နယ်အခြေခံပညာအလယ်တန်းကျောင်း (တောရ)၌ သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေးဆောင်ရွက်ခဲ့ပါသည်။
- ၁၃-၉-၂၀၂၂ ရက်နေ့တွင် ချောင်းဆုံမြို့နယ်၊ အ.ထ.က (ကညော်)စာသင်ကျောင်း၌သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆောင်ရွက်ခဲ့ပါသည်။
- ၂၀-၉-၂၀၂၂ ရက်နေ့တွင်ချောင်းဆုံမြို့နယ်၊ အ.ထ.က (ကလို) စာသင်ကျောင်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆောင်ရွက်ခဲ့ပါသည်။

## ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်မှု



- ၁၇-၉-၂၀၂၂ ရက်နေ့တွင် မော်လမြိုင်ကျွန်းမြို့နယ်၊ ရှောက်ချောင်းကျေးရွာအုပ်စု၊ ငွေဇင်ယော်(စံပြ)ကျေးရွာ၌ မုန်တိုင်းသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်ခဲ့ပါသည်။
- ၁၈-၉-၂၀၂၂ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၌ ငလျင်အန္တရာယ် ဆိုင်ရာ အသိပညာပေးခြင်းနှင့် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဆရာ/ဆရာမများ၊ ကျောင်းသူ/ ကျောင်းသားများ နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။



## ဘေးသင့်ပြည်သူများအားထောက်ပံ့မှု

- ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် လှိုင်းကြီး၍ပင်လယ်အတွင်းသို့ကျရောက်ခဲ့သည့် ငါးဖမ်းရေလုပ်သား (၁) ဦးထံ ၃-၉-၂၀၂၂ ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- မအူပင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မအူပင်မြို့နယ်၊ ရွှေလေ့သောင်း ကျေးရွာအုပ်စု၊ ရွှေလေ့သောင်း ကျေးရွာ ကမ်းပြိုဘေးသင့်ပြည်သူများထံ ၅-၉-၂၀၂၂ ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ ပါသည်။

- မြောင်းမြမြို့နယ်၊ မြကန်သာရပ်ကွက်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ အုတ်တံတိုင်းပြိုကျမှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့်နေအိမ်တစ်လုံးရှိ ဘေးသင့်ပြည်သူများအတွက် ၅-၉-၂၀၂၂ ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ပန်းတနော်မြို့နယ်၊ တောကျောင်းကျေးရွာအုပ်စု၊ နံ့ကပ်ရိုး၊ နံ့ကပ်နှင့် ကျောင်းတော်ကလေးကျေးရွာ ကမ်းပြိုဘေးသင့် ပြည်သူများထံ ဆန်ရိက္ခာဖိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုးအား ၇-၉-၂၀၂၂ ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

## မြဝတီမြို့၊အမှတ်(၄)ရပ်ကွက် မီးဘေးသင့် အိမ်ထောင်စု အား (၇-၉-၂၀၂၂) ရက်နေ့တွင်ထောက်ပံ့ငွေများ ပေးအပ်ခြင်း



- ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် မြင်းခြံခရိုင်၊ဆားခါးကျေးရွာ မီးဘေးသင့်ပြည်သူများထံ ၈-၉-၂၀၂၂ ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- တောင်သာမြို့နယ် တဲကြီးကုန်းကျေးရွာ၌ ၁၅-၉-၂၀၂၂ ရက်နေ့ လေဘေးကြောင့် အမိုးလန်ပျက် စီးနေအိမ် (၂)လုံး၊အိမ်ထောင်စု(၂)စုမှ လူဦးရေ(၅)ဦးတို့အတွက် ထောက်ပံ့ငွေ (၁၁၀၅၀၀ိ/-)အား၂၀-၉-၂၀၂၂ရက်နေ့တွင် ဘေးသင့်ပြည်သူများသို့ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

- ရေကြည်မြို့နယ်၊ အသုတ်မြို့၊ ဆိပ်သာကျေးရွာ၊ ငါးရှဉ့်ချောင်းအနီး၌မိုးကြိုးပစ်မှုကြောင့် သေဆုံးသူ(၁)ဦးအား ၈-၉-၂၀၂၂ရက်နေ့တွင်ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ တော်ကွဲကျေးရွာတွင် မိုးကြိုးထိမှန်သေဆုံးသူ(၁)ဦးအား၉-၉-၂၀၂၂ ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- တိုက်ကြီးမြို့နယ်၊ ရေစက်တောင်ကျေးရွာတွင် တောဆင်ရိုင်းဝင်ရောက်မှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့်နေအိမ်များမှ ဘေးသင့်ပြည်သူများထံ ၉-၉-၂၀၂၂ ရက်နေ့တွင် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ ပါသည်။

- မြင်းခြံမြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ နယ်မြေ(၄)၌ မိုးသည်းထန်စွာရွာသွန်းပြီး သစ်ပင်ပြိုလဲ၍ တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်မှဘေးသင့်ပြည်သူများထံ ၁၃-၉-၂၀၂၂ ရက်နေ့တွင် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။

- ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြင်းခြံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မြင်းခြံမြို့နယ်၊ ဆားခါးကျေးရွာ၌ (၄-၉-၂၀၂၂) ရက်နေ့ မီးဘေးကြောင့်လုံးဝပျက်စီးနေအိမ်(၁)လုံး၊ အိမ်ထောင်စု(၁)စုမှ လူဦးရေ(၅)ဦးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး (၁၀၀၀၀၀ိ/-)၊ ဆန်ရိက္ခာ(၇)ရက်စာဖိုး (၁၀၅၀၀ိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးအား၈-၉-၂၀၂၂ရက်နေ့တွင် ဘေးသင့်ပြည်သူများသို့ ထောက်ပံ့ခဲ့ပါသည်။

- ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ညောင်ဦးမြို့နယ်၊ ဇေယျဝတီရပ်၌ ၁၁-၉-၂၀၂၂ ရက်နေ့၊ (၀၉:၂၀) အချိန်တွင်ဖြစ်ပွားခဲ့သော သစ်ပင်ပိဘေးကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်(၁)လုံး၊ အိမ်ထောင်စု(၁)စုမှ လူဦးရေ (၄)ဦး အတွက် အိမ်ဆောက်ပစ္စည်းဖိုး (၅၀,၀၀၀ိ/-)၊ ဆန်ရိက္ခာ(၇)ရက်စာဖိုး (၈,၄၀၀ိ/-)၊

စုစုပေါင်း (၅၈,၄၀ဝိ/-) အား ၁၂-၉-၂၀၂၂ရက်နေ့တွင် ဘေးသင့် ပြည်သူများသို့ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

- မင်းလှမြို့နယ်၊ စစ်ကွင်းမြို့၊ မြို့မရပ်ကွက်၊ ပြည်တော်သာ လမ်းတွင် မိုးသည်းထန်စွာရွာသွန်း၍ သစ်ပင်ပြိုလဲ၍ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နေအိမ် တစ်လုံးရှိဘေးသင့်ပြည်သူများထံ ၂၁-၉-၂၀၂၂ ရက်နေ့ တွင် ထောက်ပံ့ငွေများပေးအပ်ခဲ့ပါသည်။

## မြဝတီမြို့ အမှတ်(၄)ရပ်ကွက် မီးဘေးသင့်အိမ်ထောင်စု အား ၇-၉-၂၀၂၂ရက်နေ့တွင် ထောက်ပံ့ပေးအပ်စဉ်



- ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ Covid-19 စီးပွားရေး ကုစားမှုစီမံချက် (CERP)အရဝယ်ယူထားသည့် ဖိုင်ဘာရေတိုင်ကီ(၅)လုံးအား ၇-၉-၂၀၂၂ ရက်နေ့နှင့် ၈-၉-၂၀၂၂ ရက်နေ့တွင်တပ်ဆင် ထောက်ပံ့ပေးခဲ့ပါသည်။

- ကျိုက်ထိုမြို့နယ်၊ တောင်ပိုင်းရပ်ကွက်(တိုးချဲ့ပိုင်း)တွင် ဖိုင်ဘာရေတိုင်ကီ (၁)လုံးအား၁၅-၉-၂၀၂၂ ရက်နေ့ တွင် တပ်ဆင်ထောက်ပံ့ပေးခဲ့ပါသည်။

- သထုံခရိုင်ဦးစီးမှူးရုံးမှတာဝန်ရှိသူများသည် သောက်သုံး ရေရှားပါးသည့်ကျေးရွာများ၌ ဖိုင်ဘာရေတိုင်ကီ (၂)လုံး အား ၁၆-၉-၂၀၂၂ ရက်နေ့နှင့် ၁၇-၉-၂၀၂၂ ရက်နေ့တွင် တပ်ဆင်ထောက်ပံ့ပေးခဲ့ပါသည်။

- သောက်သုံးရေရှားပါးသည့် ဘီးလင်းမြို့နယ်၊သပြေကုန်း ကျေးရွာ၌ ဖိုင်ဘာရေတိုင်ကီ (၂)လုံးအား ၁၉-၉-၂၀၂၂ ရက်နေ့တွင် တပ်ဆင်ထောက်ပံ့ပေးခဲ့ပါသည်။

## ယာယီပြောင်းရွှေ့နေထိုင်သူများအား ထောက်ပံ့မှု




- မြစ်ကြီးနားမြို့နယ်အတွင်းရှိ IDPs စခန်း(၆)ခုမှ ရေကြည်ကျေးရွာသို့ ပြောင်းရွှေ့ခဲ့ကြသော IDPs အိမ်ဆောင်စု (၁၁၄)စု၊ လူဦးရေ (၆၆၂)ဦးတို့အတွက် ဆန်ရိက္ခာ(၁)လစာ၊ ပြောင်းရွှေ့စရိတ်နှင့် Family Kit (၁၁၄)ပုံးအား ၂၀-၉-၂၀၂၂ ရက်နေ့တွင် ထောက်ပံ့ပေး အပ်ခဲ့ပါသည်။

- မြစ်ကြီးနားမြို့နယ်၊ ပလန (ငွေပျော်စံပြကျေးရွာ) သို့ ပြောင်းရွှေ့ နေထိုင်ခဲ့ကြသည့် အိမ်ထောင်စု (၃၀)စု၊ လူဦးရေ (၁၄၂)ဦးတို့အတွက် ဆန်ရိက္ခာ (၁)လစာ၊ ပြောင်းရွှေ့စရိတ်နှင့် Family Kit (၃၀)ပုံးအား ၁၅-၇-၂၀၂၂ ရက်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

- ဆဒုံးမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းနှင့် ဆွေမျိုးနေအိမ်များမှ နာဆာကျေးရွာနှင့် အမှတ် (၂) ရပ်ကွက်များသို့ ပြောင်းရွှေ့ခဲ့ကြသော IDPs အိမ်ထောင်စု (၅၉)စု၊ လူဦးရေ (၃၄၇)ဦးတို့အတွက် ဆန်ရိက္ခာ (၁)လ စာ၊ ပြောင်းရွှေ့စရိတ်နှင့် Family Kit (၅၉)ပုံးအား ၁၆-၉-၂၀၂၂ ရက်နေ့တွင် ထောက်ပံ့ပေးအပ်ပါသည်။